# ကာကွယ်ရေးဝန်ကြီးဌာန

## စစ်ရေးသတင်းအကျဉ်းချုပ်

Date -20/3/2022

**စစ်ကောင်စီနှင့်တိုက်ပွဲဖြစ်ပွားမှု**

**ချင်းပြည်နယ်**

- မတ်လ ၁၉ရက် ချင်းပြည်နယ်၊ ကန်ပက်လက်မြို့နယ်၊ ကန်ပက်လက်မြို့တွင် စကစတပ်နှင့် CDF-Kanpetletတို့ တိုက်ပွဲများပြင်းထန်၊ မင်းတပ်မြို့ ခလရ (၂၇၄) မှ လက်နက်ကြီးများဖြင့် ပစ်ကူနေပြီး နှစ်ဖက်ထိခိုက်ကျဆုံးမှုမသိရသေးကြောင်း သတင်းရရှိသည်။

**စစ်ကိုင်းတိုင်း**

- မတ်လ (၂၀)ရက်နေ့၊ စစ်ကိုင်းတိုင်း၊ တမူးမြို့နယ်၊ တမူးမြို့ရှောင်လမ်း၊ နတ်သမီးရေကန်အနီးရှိ ရဲစခန်းကို တမူးခရိုင်တပ်ရင်း (၄)၊ BSO၊ တမူးမြို့နယ်ပကဖတို့မှ တိုက်ခိုက်ခဲ့ပြီး တိုက်ပွဲပြီးဆုံးချိန်တွင် စကစ တပ်သား (၁၀) ဦးထက်မနည်း သေဆုံးခဲ့ကြောင်း သတင်းရရှိသည်။
- မတ်လ (၂၀)ရက်နေ့၊ စစ်ကိုင်းတိုင်း၊ ကလေးမြို့နယ်၊ ဟားခါးလေးကျေးရွာ၌ စကစ တပ်သား (၁၀၀) ခန့်နှင့် ကလေးခရိုင် PDFတပ်ရင်း (၁)၊ CNDF၊ ကလေးမြို့နယ်ပကဖ တို့ ထိတွေ့တိုက်ပွဲဖြစ်ပွားခဲ့ပြီး နှစ်ဖက်ထိခိုက်ကျဆုံးမှု မသိရသေးကြောင်း သတင်းရရှိသည်။
- မတ်လ ၂၀ ရက်နေ့ စစ်ကိုင်းတိုင်း၊ ကလေးမြို့နယ်၊ အောင်ချမ်းသာကျေးရွာအနီး၌ စကစ တပ်သားများ၊ ပျူစောထီးများကို ကလေးခရိုင် PDF တပ်ရင်း ၊ CNDF တို့မှ စနိုက်ဘာ ၊ လက်နက်ငယ်များ ဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့။ ကလေးခရိုင် ပကဖမှ Drone များဖြင့် ဗုံးကျဲတိုက်ခိုက်ခဲ့။ စကစ တပ်သားများ သေဆုံး၊ ဒဏ်ရာရရှိခဲ့ကြောင်း သတင်းရရှိသည်။

**တနင်္သာရီတိုင်း**

- မတ်လ (၂၀)ရက်နေ့၊ တနင်္သာရီတိုင်း၊ မြိတ်မြို့နယ်၊ မြိတ်မြို့၊ မြိတ်ပကဖ မြောက်ပိုင်းအဖွဲ့နှင့် အမတ (၅၀၁) တပ်ရင်း၊ မစခ (၅၀၅) တပ်မ စကစတပ်သားအင်အား (၂၀၀)ခန့်နှင့် တိုက်ပွဲဖြစ်ပွားခဲ့ပြီး စကစဘက်မှ အကျအဆုံးရှိခဲ့ကြောင်း သတင်းရရှိသည်။

**မကွေးတိုင်း**

- မတ်လ (၂၀)ရက်နေ့၊ မကွေးတိုင်း၊ ပခုက္ကူမြို့နယ်၊ ပခုက္ကူလေယာဉ်ကွင်းအနီးတွင် ရေစကြိုမြို့နယ်ဘက်မှ ပြန်လာသည့် စကစ ကားကို PDF နှစ်ဖွဲ့ပူးပေါင်းပြီး ပဒေသာမိုင်း ၈ လုံးဖြင့် တိုက်ခိုက်ခဲ့ရာ စကစဘက်မှ တပ်သား ၅ ဦးသေဆုံးခဲ့ကြောင်း သတင်းရရှိသည်။

*မြေပြင်သတင်းတာဝန်ခံများနှင့် သတင်းဌာနများမှ ဖော်ပြလာသော အချက်အလက်များအပေါ် အခြေခံပြုစုထားသည်။*

## စစ်ကောင်စီကျူးလွန်သော ရာဇဝတ်မှုများ

**ကရင်နီ(ကယား)ပြည်နယ်**

- မတ်လ ၁၉ရက် ညပိုင်း ကရင်နီ(ကယား)ပြည်နယ်၊ လွိုင်ကော်မြို့နယ် ဘုရားဖြူရွာကို စကစတပ်များ မီးရှို့အကြမ်းဖက်မှုကြောင့် အိမ်ခြေ ၁၀လုံးနှင့် အထက် မီးလောင်ပြာကျသွားကြောင်း သိရသည်။

**စစ်ကိုင်းတိုင်း**

- မတ်လ (၂၀)ရက်နေ့ စစ်ကိုင်းတိုင်း၊ ကလေးမြို့နယ်၊ ချောင်းခွကျေးရွာမှ နေအိမ် (၂) လုံးကို စကစ တပ်သား အင်အား (၁၀၀) ခန့်က လာရောက်မီးရှို့ခဲ့ကြောင်း သိရသည်။

**မကွေးတိုင်း**

- မတ်လ(၂၀)ရက်နေ့ မကွေးတိုင်း၊ ရေစကြိုမြို့နယ်၊ ကျောက်ထပ်ရွာတွင် စကစဘက်မှ တပ်သားများနှင့်ပျူစောထီး အင်အား ၅၀ နီးပါးက နေအိမ်များအား ဝင်ရောက် မွှေနှောက်ပြီး ပစ္စည်း ဥစ္စာများလည်း လုယက်ယူဆောင်ကြသောကြောင့် နယ်မြေခံပြည်သူများ အများအပြား ထွက်ပြေး နေကြရကြောင်း သိရသည်။
- မတ်လ (၂၀) ရက်နေ့ မကွေးတိုင်း၊ ပေါက်မြို့နယ်၊ ပေါက်မြို့ သရက်တောကျေးရွာရှိ စကစ၏ သရက်တောစစ်ဆေးရေးဂိတ်၌ ကိုလှိုင်ဝင်း၊ နှင့် တိုးမေ၊ ပင်တောင်ကျေးရွာ၊ ဆောမြို့နယ် နေသူ ၂ ဦးအား ဖမ်းဆီးခဲ့ကြောင်းသိရသည်။
- မတ်လ (၂၀) ရက်နေ့ မကွေးတိုင်း၊ ရေစကြိုမြို့နယ်၊ တောင်ဘက်လက်ရှိ သဲတောရွာအနီးရှိ ဘကြီးတောင် ဘေးမဲ့တောကျောင်းသို့ စကစ တပ်သားများ နှင့် ပျူစောထီးများ အင်အား ၄၀ ဝန်းကျင် ရောက်ရှိလာခဲ့ပြီး ၎င်းကျောင်းတွင်ရှိသော စစ်ဘေးရှောင်ပြည်သူများကို စစ်ဆေးမေးမြန်းခြင်းများ ပြုလုပ်ခဲ့ပြီး ပြည်သူအချို့၏ ဖုန်းများကိုလည်း အဓမ္မ ယူဆောင်သွားခဲ့ကြောင်း သိရသည်။

*မြေပြင်သတင်းတာဝန်ခံများနှင့် သတင်းဌာနများမှ ဖော်ပြလာသော အချက်အလက်များအပေါ် အခြေခံပြုစုထားသည်။*